

T B C
The Border Consortium

# TBC
## အဖွဲ့၏ မဟာဗျူဟာ
## (၂၀၂၀-၂၀၂၂)



# နိဒါန်း

၁၉၈၄ ခုနှစ်မှစတင်၍ နယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအဖွဲ့ကြီး [The Border Consortium (TBC)] က မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသမှ နေရာပြောင်းရွှေ့ထွက်ပြေးရသူများ၊ ပဋိပက္ခ စစ်ဘေးဒဏ်သင့်သူ ပြည်သူများနှင့်အတူတကွ ပူးပေါင်းလုပ်ကိုင်၍ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီလို အပ်ချက်များ ဖြည့်ဆည်းပေးရန်၊ တိုက်ပွဲများအကြားမှ ထွက်ပြေးလာကြသူများ၏ ကာကွယ်မှုပေးရေးဆိုင်ရာ ကိစ္စများ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့အခွင့်အရေးအခြေခံသော ချည်းကပ်မှုဖြင့် ဆောင် ရွက်နိုင်ရန် ပံ့ပိုးမှုများ ပြုခဲ့ပါသည်။

TBC အဖွဲ့၏ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်အကြံရယူ၍ ယခုစာတန်းကို ရေးသားထားခြင်းဖြစ်ပြီး၊ ယခုစာတန်းတွင် အဓိကကျသော စိန်ခေါ်မှုပြဿနာများ၊ TBC အဖွဲ့ ရှေ့ဆက်ဆောင်ရွက်ရန် ရည်ရွယ်ချက်များ၊ စိတ်ပိုင်းဖြတ်သံန္နိဋ္ဌာန်ချထားမှုများကို ဖော်ပြထားပါသည်။ မဟာဗျူဟာမြောက် လမ်းညွှန်ချက် ၄-ခု နှင့် ယင်းတို့ကိုအခြေခံ၍ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ လုပ်ငန်းအစီအစဉ်များကို လာမည့် ၃-နှစ်တာကာလအတွင်း လမ်းညွှန်မှုပြုသွားမည်ဖြစ်ကြောင်းလည်း တင်ပြထားပါသည်။

**ဝေါဟာရများနှင့် ပတ်သက်၍ မှတ်ချက်။** ။ ယခုစာတန်းတွင် 'ရွှေ့ပြောင်းထွက်ပြေးရသော၊ စစ်ဘေး ဒဏ်သင့် ရပ်ရွာလူမှုအသိုက်အဝန်းများ'ဟူ၍ဖော်ပြရာ၌၊ TBCအဖွဲ့ကလုပ်ငန်းဆောင်ရွက်နေသော ရပ်ရွာလူမှုအဖွဲ့အသိုက်အဝန်းများ အားလုံးကို ဖော်ပြလိုခြင်းဖြစ်ပါသည်။ ယင်းတို့တွင် လူဦးရေ ၁၀၀,၀၀၀ ခန့်ရှိ ထိုင်းနိုင်ငံ ယာယီဒုက္ခသည်စခန်းများတွင် နေထိုင်နေသူ ဒုက္ခသည်များ၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ အိမ်ပြန်ရန် ဖြစ်နိုင်ခြေရှိသည့် ဧရိယာများ၊ ယခုတိုင် စစ်ပွဲများကြောင့် ထိခိုက်ခံ စားနေရသော ဧရိယာများရှိ ပြည်တွင်း ဒုက္ခသည်များ အကြုံးဝင်ပါသည်။

# TBC အဖွဲ့၏ မဟာဗျူဟာ (၂၀၂၀-၂၀၂၂)





## မျှော်မြင်ချက် (Vision)

TBC အဖွဲ့သည် ငြိမ်းချမ်းသော မြန်မာနိုင်ငံကို မျှော်မြင်၍ ယင်းနိုင်ငံတွင် လူ့အခွင့်အရေးကို အပြည့်အဝ လေးစားပြီး၊ မတူကွဲပြားမှုကို လက်ခံကာ၊ ကြွယ်ဝချမ်းသာနိုင်သော လူမှုအသိုက်အဝန်းများကို မျှော်မြင်ထားပါသည်။

## ဦးတည်ချက် (Mission)

TBC အဖွဲ့အစည်းသည် မိတ်ဖက်အင်အားစုများ၏ မဟာမိတ်အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ နေရာပြောင်းရွှေ့ထွက်ပြေးကြရသူများ၊ စစ်ဘေးဒဏ်သင့် ဒုက္ခရောက်ကြရသူများ အတွက် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် လူ့အခွင့်အရေးရှုထောင့်မှ ချဉ်းကပ်မှုကို အခြေခံ၍ ရပ်ရွာမှ ဦးဆောင်သော ချဉ်းကပ်မှုများဖြင့် ကြိုးပမ်း ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

THE BORDER CONSORTIUM

# အဓိကကျသော တန်ဖိုးထားမှုများ

- ဂုဏ်သိက္ခာ နှင့် လေးစားမှု
- မိတ်ဖက်ပြုမှု
- ခွန်အား အာဏာဖြည့် ဆည်းပေးမှု
- အားကိုးအား ထားပြုနိုင်မှု
- တရားမျှတမှု နှင့် တန်းတူညီမျှမှု

# STRATEGIC DIRECTIONS

1. Contribute to meeting the humanitarian needs of displaced communities, with a focus on women, children, older persons, and people with illness or disabilities.
2. Reinforce food security through improved nutrition and productive livelihoods.
3. Promote protective environments and safe and dignified futures for displaced and conflict-affected communities.
4. Reinforce accountability, partnership and local ownership to ensure responsible transitions.



# နောက်ခံအခြေအနေ သုံးသပ်ချက်

TBC အဖွဲ့၏ ၂၀၁၇-၁၉ မဟာဗျူဟာသည် မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအရ ဖြစ်ပေါ်တိုးတက်မှုများကို တုံ့ပြန်ရေးဆွဲထားခြင်းဖြစ်ပြီး၊ မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ခုအကြား ၂၀၁၅ ခုနှစ် တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) ရရှိခြင်း အပါအဝင် ဖြစ်ပါသည်။[၁] အလား တူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို ပြည်သူအများက ရွေးကောက်ပွဲတွင် တောင်ပြိုကမ်းမဲလိုက်ခြင်း ကိစ္စလည်း ပါဝင်ပါသည်။ ဤအပြောင်းအလဲများကြောင့် ဒီမိုကရေစီပြုပြင် ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးအရ ပွင့်လင်းမှုများ ဖြစ်ပေါ်လာစေရေးအတွက် မျှော်လင့်ချက်များ ဖြစ်ပေါ်လာစေပါသည်။ တချိန် တည်းတွင် ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများရှိ ၁၀၀,၀၀၀ နီးပါးမျှသော ဒုက္ခသည်လူထုများ မိမိဆန္ဒအလျောက် အိမ်ပြန်နိုင်ရေး လမ်းစလည်း ဖြစ်ပေါ်လာစေပါသည်။ သို့ဖြစ်ရာ ၂၀၁၇-၁၉ မဟာဗျူဟာက မိမိဆန္ဒ အလျောက် အိမ်ပြန်ရေးကို ပံ့ပိုးကူညီပေးရန် အလေးပေးထားပြီး၊ နောက်ဆုံးစခန်းများ ပိတ်သိမ်းရနိုင်သည့် အခြေအနေနှင့် TBC အဖွဲ့အစည်းအနေဖြင့် တာဝန်သိစွာ ဆုတ်ခွာနိုင်ရန်အတွက် ထိုင်းနိုင်ငံ စခန်းများရှိ ဝန်ဆောင်ပေးမှုများ ကိုလည်း စုစည်းကျစ်လျစ်စေရန် ရည်ရွယ်ထားသည်။

၂၀၁၇ ခုနှစ်မှစ၍၊ မြန်မာနိုင်ငံရှိ အမျိုးသားပြုပြင် ပြောင်းလဲရေး အစီအစဉ်များ ပြိုကွဲလာပြီး၊ NLD ကလည်း လူ့အခွင့်အရေးများကို မြှင့်တင်ပေးရန် ပျက်ကွက်ခဲ့သည်။ သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်



၁ ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၂-ခု တွင် မွန်ပြည်သစ်ပါတီ ပါဝင်ပြီး၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှာ နိုဝင်ဘာလ ၂၀၁၉ ခုနှစ်တိုင်အောင် လက်မှတ်ရေးထိုးခြင်း မရှိသေးပါ။

နစ်နာနေရသော ဒေသများသို့ လုံခြုံမှုပေးစွမ်းနိုင်ခြင်း မရှိခဲ့ပေ။ ၂၀၁၈-၁၉ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ ဒုက္ခသည် ၇၃၀,၀၀၀ ကျော် စစ်ဆင်ရေးများကြောင့် ထွက်ပြေးခဲ့ရရာ၊ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ကပ်ဘေးဖြစ်ပေါ်စေခဲ့သည်။ အချို့သော နိုင်ငံ၏နေရာများတွင်လည်း မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တိုက်ပွဲများလည်း ပို၍ပြင်းထန် ဖြစ်ပွားခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာလည်း ပြိုကွဲလု ဖြစ်နေသည်။ ထိုင်းနိုင်ငံမှ လူအမြောက်အမြား အိမ်ပြန်သည့် ဖြစ်စဉ် ဖြစ်ပေါ်မလာခဲ့ဘဲ၊ မြန်မာနိုင်ငံ အရှေ့တောင်ဒေသ အခြေအနေမှာလည်း တိုး၍ မတည်ငြိမ်ရှိနေပါ သည်။ အကြီးစား ဖွံ့ဖြိုးရေးစီမံချက်များကြောင့် တိုက်ပွဲများ၊ ထိတွေ့မှုများ ဖြစ်ပေါ်နေပြီး၊ ယင်းဒေသများတွင် မြေယာနှင့်ပတ်သက်၍ အငြင်းပွားမှုများ၊ သဘာဝ သယံဇာတနှင့်ပတ်သက်၍ အငြင်းပွား မှုများ ဆက်လက်ဖြစ်ပေါ်နေနိုင်ပါသည်။ သို့ဖြစ်ရာ အိမ်ပြန်လာကြသူများ၏ လုံခြုံရေးနှင့်ပတ်သက်၍ အာမခံ မှုပေးနိုင်-မပေးနိုင်ဟူသည်ကို သံသယရှိနေကြသည်။ ထို့အပြင်၊ မြေမြုပ်မိုင်း ရှင်းလင်းရေး၊ မြေပိုင်ဆိုင်ခွင့်၊ ရေနှင့် လျှပ်စစ်ရရှိမှု၊ ကျန်းမာရေး စောင့်ရှောက်မှုများ ရနိုင်မှု၊ ပညာရေးနှင့် ရေရှည်တည်တံ့ သည့် သက်မွေးဝမ်း ကျောင်းများ အစရှိသည့် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ အိမ်ပြန်နိုင်ရေးနှင့် ပတ်သက်သည့် ဖော်ပြချက်များကိုလည်း လာမည့် အနာဂတ်ရေတိုကာလတွင် ဖြေရှင်းပေးနိုင်မည့် အနေ အထား မမြင်ရသေးပါ။



သို့သော် ထင်ရှားသည့်အချက်မှာ ၂၀၁၆ ခုနှစ်မှ စတင်၍ လူ ၁၀,၀၀၀ ကျော် အိမ်ပြန်သွားကြပါသည်။ သူတို့က ထိုင်းနှင့်မြန်မာအစိုးရတို့အကြား တရားဝင်ခွင့်ပြု ထားသည့် မိမိဆန္ဒအလျောက် အိမ်ပြန်သည့်လုပ်ငန်း အစီ အစဉ်များကို မရွေးချယ်ခဲ့ကြပါ။ ဒုက္ခသည်အများစုမှာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သည့် အိမ်ပြန်ရေး လုပ်ငန်းစဉ်နှင့် လုပ်ကိုင်ဆောင်ရွက်ကြရန် အထူးသတိ ထားကြပြီး၊ တွန့်ဆုတ်နေကြသည်။ တရားမဝင်နည်း လမ်းများဖြင့် စပ်ကြားအုပ်ချုပ်ရေးဒေသ၊ သို့မဟုတ် အစိုးရမဟုတ်သည့် အင်အားစုများ ထိန်းချုပ်ထားရာ ဒေသများသို့ အိမ်ပြန်ရန် ရွေးချယ်ကြသူများသည်လည်း သူတို့၏ ဘဝပြန်လည်ထူထောင်ရေး လိုအပ်သည့် ပြင်ဆင်မှုများနှင့် အောင်မြင်စွာ ပြန်လည်ပေါင်းစည်းနိုင် ရေးအတွက် အခြားနည်းလမ်းဖြင့် ပံ့ပိုး ထောက်ပံ့သည့် လုပ်ငန်းစဉ်များ လိုအပ်နေသည်။ ဒုက္ခသည်ခေါင်း ဆောင်များ ရေးဆွဲပြုစုသည့် အိမ်ပြန် ရေးဆိုင်ရာ ကျင့်ထုံးလုပ်နည်းများသည် အထူးသဖြင့် အလိုအ လျောက် အိမ်ပြန်ရန်ရွေးချယ်ကြသူများကိုစွ ကိုသာ ရွေးချယ်ထားကြပြီး၊ ယင်းကို TBC အဖွဲ့၏ ၂၀၂၀-၂၂ မဟာဗျူဟာတွင် လက်တွေ့အကောင်အထည် ဖော်မှုများ ဖြစ်လာအောင် ဆောင်ရွက်သွားမည် ဖြစ်သည်။ လက်ရှိ အချိန်တွင်၊ TBC အဖွဲ့က အိမ်ပြန်နိုင်ရန် အခွင့်အရေးကို မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပြီး၊ ယင်းနှင့်ပတ်သက်၍ မြန်မာနှင့် ထိုင်းအစိုးရတို့၏ အိမ် ပြန်ရေး၊ ပြန်လည်နေရာချ ပေါင်းစည်းရေးတို့နှင့် ပတ်သက်သော တာဝန်ဝတ္တရား များကို အသိပေးမြှင့်တင် သွားမည်ဖြစ်သည်။ TBC အဖွဲ့က အရေးပါသည့်အင်အားစုများ နှင့် တာဝန်ရှိသူများကို ဒုက္ခသည်များပြန်လည် ပေါင်းစည်းရေးနှင့် ပတ်သက်၍ ပံ့ပိုးမှုဖြစ်စေမည့် ဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် ယင်းနှင့် ငြိမ်းချမ်းရေးတည် ဆောက်မှုအကြား အပြန်အလှန်ဆက်

စပ်ပုံ၊ လူ့အခွင့်အရေး အပြည့်အဝ ခံစားရရှိစေရေး နှင့် ရေရှည်တည်တံ့သည့် စီးပွားရေးစနစ်များ ဆက်စပ်ပုံများကို စည်းရုံးတိုက်တွန်းသွားမည်။ TBC အဖွဲ့က မြန်မာနိုင်ငံ အရှေ့ တောင်ပိုင်းဒေသရှိ ပဋိပက္ခစစ်ဘေးသင့် ရပ်ရွာအသိုက်အဝန်းများကို ဆက်လက်ပံ့ပိုးသွားမည် ဖြစ်ပြီး၊ သို့မှသာ သူတို့က အိမ်ပြန်လာကြသူများကို လက်ခံကြိုဆိုနိုင်ရန် အသင့်ရှိကြမည် ဖြစ်ပေသည်။





မြန်မာနိုင်ငံသို့ ပြန်လည်နေရာချထားရေးနှင့် ဒုက္ခသည်များ ပြန်လည်ပေါင်းစည်းရေးအတွက် အဆင်သင့်ဖြစ် နေစေရန် ဆက်လက်ပံ့ပိုးနေမည့် တချိန်တည်းတွင်၊ TBC နှင့် ယင်း၏မိတ်ဖက် အဖွဲ့အစည်းများက လက်ရှိအခြေအနေတွင် ဒုက္ခသည်အများက အိမ်ပြန်ရန် မစဉ်းစားကြကြောင်းကိုလည်း အသိအမှတ်ပြုထားကြပါသည်။ အချို့သော ဒုက္ခသည်အုပ်စုများမှာ ဆက်လက် နေပါက နှိပ်စက်အပြစ်ပေးခံရရန် ခိုင်လုံသော အကြောင်းတရား ရှိနေကြသောကြောင့်၊ မြန်မာနိုင်ငံသို့ ပြန်ရန်၊ ပြန်လည်ပေါင်းစည်းရန် မည်သို့ဖြစ်စေ ဆန္ဒ မရှိကြပါ။ သို့အတွက်ကြောင့် TBC အဖွဲ့က ဒုက္ခသည်များ၏ အနာဂတ်အတွက် ကျယ်ပြန့်သော ရွေးချယ်စရာနည်းလမ်းများကို ရှာဖွေ စဉ်းစားကြရမည် ဖြစ်ပါသည်။

ထိုင်းနိုင်ငံက ရွှေ့ပြောင်းအလုပ်သမားများ ဆက်လက်၍ အလိုရှိနေပါသည်။ တချိန်တည်းတွင် ဒုက္ခသည်များ နှင့် ပတ်သက်၍ ထိုင်းနိုင်ငံက စဉ်းစားပုံပြောင်းလာသောကြောင့်၊ စခန်းများမှ ထိုင်းနိုင်ငံတွင်းသို့ တရား ဝင်ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ကူးပြောင်းရန် လမ်းကြောင်း ပွင့်ကောင်းပွင့်လာနိုင်ပါသည်။ ယခုအခါ ထိုင်းနှင့် မြန်မာအစိုးရတို့က နိုင်ငံသား ကြိုတင်စိစစ်ရေးအတွက် စနစ်တခုကို ကြံဆရှာဖွေနေကြရာ၊ ဒုက္ခ သည်များ နိုင်ငံသားဆိုင်ရာ မှတ်တမ်းများ ရရှိထုတ်ပေးဖွယ် ရှိပါသည်။ ထိုသူများအနေဖြင့် မြန်မာနိုင်ငံသို့ ကိုယ်တိုင်ကိုယ်ကျ မပြန်ဘဲ ရရှိနိုင်ပါမည်။ ဤသို့ဖြင့် မိမိဘာသာ ကိုယ်ထူကိုယ်ထ ရပ်တည်ရေး နှင့် ဒုက္ခ သည်များအတွက် အခြားနည်းလမ်း ရွေးချယ်မှုဖြစ်စေရန် သိသာထင်ရှားသည့် အဆင့်တစ်ခုဖြစ်သော်လည်း အတွေ့အကြုံများအရ သတိထားရန်လည်း လိုအပ်နေပါသေးသည်။ ယင်းအဆိုပြုချက် အကောင်အထည် ပေါ်လာလျှင်သော်မှ၊ ရေရှည်တည်တံ့သည့် အဖြေတစ်ခု မဖြစ်လာနိုင်ပါ။ အလုပ်လုပ်ကိုင်နိုင်သော အသက် အရွယ်ရှိသည့်သူများ အတွက်သာ ဖြစ်နိုင်ပြီး၊ ကာကွယ်ပေးမှုအတွက်လည်း အာမခံချက် မရှိပါ။ TBC အဖွဲ့က ဒုက္ခသည်များ အားလုံးအတွက် အသင့်တော်ဆုံးရွေးချယ်စရာလမ်းများကို ဆက်လက်တိုက်တွန်းပြောဆိုနေ ရမည်ဖြစ်ပြီး၊ ယင်းတွင် အထူးထိခိုက်နစ်နာနိုင်ခြေ ရှိသူများ၊ ဖယ်ကျဉ်ခံထားရသည့် အင်အားစုများအတွက် လည်း ထည့်သွင်းစဉ်းစား ရပါမည်။

အများအပြား အစုလိုက် အိမ်ပြန်ကြရန် မဖြစ်နိုင်ခြေ ပို၍ထင်ရှားလာသောကြောင့်၊ ယခုအချိန်တွင် အခြားသောနည်းလမ်းများကို အကောင်အထည်ဖော်ကြရမည် ဖြစ်ပါသည်။ TBC နှင့် ယင်း၏မိတ်ဖက်အဖွဲ့အစည်း များက လာမည့် ၂-၃ နှစ်အတွင်း ထိုင်းနိုင်ငံရှိ စခန်း ၉-ခုတွင် လူဦးရေ အကြီးအကျယ် လျော့နည်းကျဆင်းရန် မမျှော်လင့်ထားကြပါ။ လာမည့် အနာဂတ်ရေတိုကာလတွင်လည်း စခန်းများ ပိတ်သိမ်းနိုင်မည်ဟု မမျှော်လင့် ထားကြပါ။ သို့သော် တစိတ်တပိုင်း ပိတ်သိမ်းမှု၊ စခန်းများစုစည်းခြင်းနှင့် ဝန်ဆောင်ပေးမှုများ ဆုတ်ခွာခြင်း ကိုမူ မဖြစ်ဟု မဆိုနိုင်ပါ။

အထူးသဖြင့် ရန်ပုံငွေလျော့ပါးရန် အကြောင်းများ ရှိနေသောကြောင့် ဖြစ်ပါသည်။ ဤသို့ မသေချာမရေရာသောအခြေအနေတွင် TBC အဖွဲ့က မိတ်ဖက်အင်အားစုများနှင့်၊ အလှူရှင်များနှင့် အတူတကွ အခြေခံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ဆက်လက်ပေးနိုင်ရန်၊ စခန်းတွင်းရှိလူများ အတွက် ကာကွယ်မှုပေးနိုင်ရန် ဆက်လက်ကြိုးပမ်းနေရမည် ဖြစ်ပါသည်။ နေရာပြောင်းရွှေ့ထွက်ပြေးကြရ သော ရပ်ရွာအသိုက်အဝန်းများအတွက် တာဝန်သိမှုနှင့် အနာဂတ် အသွင်ကူးပြောင်းရေး ဖြစ်ပေါ်စေရန်၊ မိတ်ဖက် အင်အားစုများ၊ အလှူရှင်များက ဆက်လက်၍ နေ့စဉ်ထောက်ပံ့ပေးမှုများနှင့်အတူ ဆောင်ရွက်ကြရ မည် ဖြစ်ပါသည်။

TBC အဖွဲ့သို့ အလှူရှင်များ ထောက်ခံအားပေးမှု ခိုင်ခိုင်မာမာ ရှိသော်လည်း၊ ၂၀၂၂ ခုနှစ်တိုင်အောင် ရန်ပုံငွေအနေအထားမှာ အာမခံချက် မရှိပါ။ သို့အတွက်ကြောင့် အခြေခံလူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ပေးမှု များအတွက် TBC ၏ စွမ်းရည်မှာ အာမခံနိုင်လောက်အောင် မသေချာလှပါ။ အရင်းအမြစ်များနှင့် ပတ်သက်၍ ဖိအားတိုးတက်လာသောကြောင့် ဒုက္ခသည်လူမှု အသိုက်အဝန်းများအဖို့၊ အထူးသဖြင့် စခန်းခေါင်းဆောင်များ နှင့် အုပ်ချုပ်သူများအဖို့ ပို၍ ဝန်ထုပ်ဝန်ပိုး ဖြစ်လာစေပါသည်။ ဤသို့ အပိုဆောင်းဖိအားများမှာ ရပ်ရွာအတွင်း တင်းမာမှုများ ပိုကြီးထွားလာခြင်း၊ ပြဿနာများအပေါ် အပျက်သဘောဆောင်သည့် ဖြေရှင်းမှုများ ပြုနေကြ ခြင်းနှင့်လည်း ဆက်စပ်နေပါသည်။ သို့အတွက်ကြောင့် စခန်းများအတွင်း ကာကွယ်ပေးမှုနှင့်ပတ်သက်၍ ပြဿနာအထွေထွေ မျိုးစုံဖြစ်ပေါ်လာစေသည်။

TBC အဖွဲ့နှင့် တာဝန်ရှိသူများအတွက် အဓိကကျသည့် ပြဿနာတစ်ခုမှာ ဒုက္ခသည်များ၏ ရွှေ့ပြောင်းမှုများ ဖြစ်ပါသည်။ လူများက စခန်းပြင်ပတွင် အခြားသော နည်းလမ်းများကို ရှာဖွေလာကြချိန်၌၊ ထိုသူတို့ လွတ်လပ် စွာ သွားလာခွင့် လိုအပ်ပါသည်။ ဘဏ္ဍာရေးအရ မလုံခြုံမှု မြင့်မားလာသောကြောင့် သူတို့၏ အပိုဝင်ငွေကို ဖြည့်တင်းနိုင်ရန် မိသားစုများ မလွဲမရှောင်သာ စခန်းပြင်ပတွင် အလုပ်ရှာဖွေကြရပါသည်။ သို့အတွက်ကြောင့် ခေါင်းပုံဖြတ်ခံရနိုင်ခြေနှင့် ဖမ်းဆီးခံရနိုင်မှုများလည်း ဖြစ်စေသည်။ သို့အတွက်ကြောင့် TBC အဖွဲ့က ရွှေ့ ပြောင်းကြရသည့်၊ စစ်ဘေး ပဋိပက္ခဒဏ် ခံစာနေကြရသည့် ရပ်ရွာလူထု အသိုက်အဝန်းများအတွက် ကာ ကွယ်ပေးမှု ဝန်းကျင်များကို မြှင့်တင်ပေးရန် အသစ်သောကြိုးပမ်းဆောင်ရွက်မှုများကို ပြုရပါမည်။ တပြိုင်နက် တည်းတွင် စခန်းတွင်း ဝန်ဆောင်မှုများပေးခြင်း၊ စခန်း စီမံခန့်ခွဲမှုတို့နှင့်ပတ်သက်သည့် ဖိအားများကိုလည်း လျော့နည်းကျဆင်းစေအောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မဟာဗျူဟာသည် သို့အတွက်ကြောင့် ထိုင်း နိုင်ငံတွင်းနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် ပြောင်းလဲနေသော ဖြစ်နိုင်ခြေများနှင့် ပတ်သက်၍ ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် ပျော့ပြောင်းပြီး၊ တုံ့ပြန်နိုင်စွမ်းလည်း ရှိသင့်ပါသည်။ သို့မှသာ TBC အဖွဲ့၏ လုပ်ငန်းအစီအစဉ်များသည် နောက်ခံအခြေအနေ၊ ပြောင်းရွှေ့ထွက်ပြေးနေရသော ရပ်ရွာလူထု အသိုက် အဝန်းများ၏ လိုအပ်ချက်များအပေါ် လိုက်လျောညီထွေ ပြောင်းလဲဆောင်ရွက်နိုင်မည် ဖြစ်သည်။





# TBC အဖွဲ့၏ ၂၀၂၀-၂၂ မဟာဗျူဟာမြောက် လုပ်ငန်းအစီအစဉ်

TBC အနေဖြင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ရွှေ့ပြောင်းထွက်ပြေးနေရသည့်၊ စစ်ပဋိပက္ခဒဏ် သင့်ရသည့် ရပ်ရွာလူထု အသိုက်အဝန်းများသည် အနာဂတ်တွင် စခန်းများအတွင်း ကာကွယ်ထားပေးစရာ မလို အပ်သော အခြေအနေကို မျှော်မြင်ထားပါသည်။ ထိုသူများ၏ အခြေခံလူ့အခွင့်အရေးများကို လေးစား၍ သူတို့ ကိုယ်တိုင်၏ အနာဂတ်ကို ဆုံးဖြတ်နိုင်ရန် ခွန်အားအာဏာ ရှိနေသော အခြေအနေ ဖြစ်ပါသည်။ TBC အဖွဲ့၏ ၂၀၂၀-၂၂ မဟာဗျူဟာ အစီအစဉ်တွင် ဤမြော်မြင်ချက်အပေါ် မိမိတို့ သံန္နိဋ္ဌာန်ဆက်လက်ချထား ဆောင် ရွက်နေမှုအပေါ်လည်း ထင်ဟပ်နေပါသည်။ မြန်မာနိုင်ငံ နှင့် ထိုင်းနိုင်ငံရှိ လုပ်ငန်း အစီအစဉ်များသည် TBC အဖွဲ့က လုပ်ဆောင်နေသော လူမှုအသိုက်အဝန်းများအတွက် ကာကွယ်ပေးမှုရှိသော ဝန်းကျင်ကို မြှင့်တင်နိုင်ရန်၊ ရေရှည်တည်တံ့၍ လုံခြုံသော အနာဂတ်ဖြစ်စေရန် ဒီဇိုင်းရေးဆွဲထားပါသည်။

စခန်းများသည် ဒုက္ခသည်များအတွက် ရေရှည်အဖြေမဟုတ်ကြောင်း အသိအမှတ်ပြုထားသည့် အားလျော်စွာ TBC အဖွဲ့က ဒုက္ခသည်များအနေဖြင့် မြန်မာနိုင်ငံသို့ လုံခြုံ၊ ဂုဏ်သိက္ခာရှိစွာ၊ မိမိဆန္ဒအလျောက် အိမ်ပြန်ရေး ရပ်ရွာနှင့် ပေါင်းစည်းနိုင်ရေးအတွက် ဆက်လက်တိုက်တွန်း စည်းရုံးသွားမည် ဖြစ်သည်။ TBC အဖွဲ့က သူတို့ ၏ အနာဂတ်များ အတွက် ပြင်ဆင်နိုင်ရေး သေချာသတင်းသိရှိ၍ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ယင်းကိစ္စများတွင် မိမိဘာသာ ကိုယ်ထူကိုယ်ထ ရပ်တည်နိုင်ရေးကို အားဖြည့်ပေးရန် နှင့် မြန်မာ နိုင်ငံ အရှေ့တောင်ဒေသတွင် ရပ်ရွာအသိုက်အဝန်းများအကြား ကြံ့ကြံ့ခံနိုင်ရည်စွမ်း မြင့်မားလာစေရန်တို့ ပါဝင်ပါသည်။

ထို့အပြင်၊ TBC က လူအများအနေဖြင့် သူတို့၏အနာဂတ်အတွက် ရွေးချယ်စရာ နည်းလမ်းများ များပြားကျယ် ပြန့်စေရန် လိုအပ်ကြောင်း အသိအမှတ်ပြုထားပါသည်။ ၂၀၂၀-၂၂ အတွက် မိမိတို့၏ မဟာဗျူဟာတွင် စည်းရုံးတိုက်တွန်းမှုများမှတဆင့် ဒုက္ခသည်များ၏ အသံများ ပိုမိုမြှင့်တင်ကြားစေရန် အလေးပေးထားပါသည်။ ဤနည်းဖြင့် ဒုက္ခသည်များအတွက် အခြားရွေးချယ်စရာ နည်းလမ်းများ များလာစေမည်ဖြစ်ပြီး၊ ထိုင်းနိုင်ငံတွင်း ရွှေ့ပြောင်း လုပ်သားအဖြစ် ယာယီအခြေချခြင်းမျိုး အပါအဝင်ဖြစ်သည်။

ရွှေ့ပြောင်းထွက်ပြေးနေရသည့်၊ စစ်ပဋိပက္ခဒဏ်သင့်ရသည့် ရပ်ရွာလူထု အသိုက်အဝန်းများအတွက်၊ TBC အဖွဲ့၏ ခေါင်းဆောင်မှုနှင့် သူတို့၏ အခွင့်အရေးများ မြှင့်တင်ပေးရန်တာဝန်ကို ထပ်၍ သံန္နိဋ္ဌာန်ပြုပါသည်။ TBC အဖွဲ့က ထိုင်းနိုင်ငံရှိ ဒုက္ခသည်များ သူတို့လိုအပ်သမျှ ကာလပတ်လုံး အခြေခံလိုအပ်ချက်များ ဖြည့် ဆည်းပေးနိုင်ရန် တတ်စွမ်းသမျှ ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

တချိန်တွင်းတွင်၊ မဟာဗျူဟာက TBC အဖွဲ့၏ ဝန်ဆောင်မှုများ နောက်ထပ်မလိုအပ်တော့သော၊ သို့မဟုတ် နောက်ထပ်မဖြစ်နိုင်တော့သော အနာဂတ်တစ်ခုသို့ မျှော်မှန်း ပြင်ဆင်ထားပါသည်။ ဤသို့ဖြစ်စေ ရန် ဒေသခံများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေး၍၊ ဒေသခံများ၏ ပိုင်ဆိုင်မှု၊ တာဝန်ယူ တာဝန်ခံမှုကို မြှင့် တင်ပေး၍ တာဝန်သိသော အသွင်ကူးပြောင်းမှုများ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်သွားမည်။

## လက်ရှိ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံရှိ အစီအစဉ်များ

အခြားနည်းဖြင့် အတိအကျ ဖော်ပြထားမှု မရှိသမျှ ကာလပတ်လုံး၊ ယခု မဟာဗျူဟာ လမ်းညွှန်ချက် ၄-ခုပါ ရည်မှန်းချက်များသည် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံရှိ လုပ်ငန်းအစီအစဉ်များအတွက် အကြုံးဝင်ပါသည်။ လုပ်ငန်းအစီအစဉ်များ အနေဖြင့် ထိုင်းနိုင်ငံတွင် အဓိကအားဖြင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးခြင်း၊ ပံ့ပိုးပေးသည့် အစီအစဉ်အနေဖြင့် အိမ်ပြန်ရန်ဖြစ်နိုင်ခြေရှိသော ဧရိယာများရှိ လူမှုအသိုက်အဝန်း များဆီသို့ ပြန်လည်နာလံထူရန် ပံ့ပိုးကူညီပေးခြင်း ဖြစ်သည်။ သို့မှသာ ဒုက္ခသည်များ အိမ်ပြန်ကြသည့်အခါ ကောင်းစွာ ပြန်လည်ပေါင်းစုမှု ဖြစ်စေပါလိမ့်မည်။

# မဟာဗျူဟာ အခြေပြုထားသော သံနိဋ္ဌာန်ပိုင်းဖြတ်မှုများ

TBC အဖွဲ့သည် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်မှုများ၊ ဒုက္ခသည်များအပေါ် ကာကွယ်မှုပေးရေးနှင့် ပတ်သက်၍ နိုင်ငံတကာစံချိန်စံနှုန်းများကို ပိုင်းဖြတ်သံနိဋ္ဌာန်ပြုထားပါသည်။ လူတစ်ဦးချင်း၏ အခွင့်အရေး များ၊ ရပ်ရွာလူမှုအသိုက်အဝန်း၏ အခွင့်အရေးများသည် အစီအစဉ်များ ဒီဇိုင်းရေးဆွဲရာ၊ အကောင်အထည် ဖော်ရာ နှင့် စည်းရုံးတိုက်တွန်းမှုများပြုရာ၌ အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ယခု သံနိဋ္ဌာန်ပိုင်းဖြတ်မှုများကို TBC အဖွဲ့၏ အလုပ်အား လုံးတွင် အခြေခံပြီး၊ ယင်းတို့ကို TBC အဖွဲ့၏ တန်ဖိုးထားမှုများဖြစ်သည့် ဂုဏ်သိက္ခာ နှင့် လေးစားမှု၊ မိတ်ဖက်ပြုမှု၊ ခွန်အားအာဏာ ဖြည့်ဆည်းပေးမှု၊ တရားမျှတမှု နှင့် တန်းတူမှု၊ ကိုးစားအားထား နိုင်မှုတို့တွင် ထင်ဟပ်နေပါသည်။

- ***လူ့အခွင့်အရေး အခြေခံသည့် ချဉ်းကပ်မှု*** လူသားအားလုံးသည် မွေးရာပါဖြစ်သော တန်ဖိုးများနှင့် ဂုဏ်သိက္ခာ ပိုင်ဆိုင်ကြသည်ကို အသိအမှတ်ပြုသည့် အားလျော်စွာ၊ TBC အဖွဲ့က လူ့အခွင့်အရေးများ ကို မြှင့်တင်ပေးရန်၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ရွှေ့ပြောင်းထွက်ပြေးရသူများနှင့် စစ်ဘေး ဒဏ်သင့်သူများ၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားများကို မြှင့်တင်ပေးရန် သံနိဋ္ဌာန်ပြုထားပါသည်။ ယင်းတို့ကို မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့် အစီအစဉ်များတွင် လမ်းညွှန်အခြေခံမှုအဖြစ် ကျင့်သုံး သွားမည်။
- ***နိုင်ငံတော်၏ တာဝန်ရှိမှု*** TBC အဖွဲ့က နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာ အာဏာပိုင်များ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ နိုင်ငံတကာ လူသားချင်းစာနာမှု နှင့် ဖွံ့ဖြိုးရေးအသိုက်အဝန်းများနှင့် လုပ်ကိုင်နေရာ၊ ရွှေ့ပြောင်းထွက် ပြေးရသူများနှင့် စစ်ဘေးဒဏ်သင့်သူများ၏ အခွင့်အရေးများကို လေးစားလိုက်နာမည်။ ကာကွယ်၊ မြှင့်တင်ပေးမည်။
- ***တန်းတူမှုနှင့် အင်အားစုအားလုံး ပါဝင်မှု*** လူမှု စည်းလုံးညီညွတ်ရေးအတွက် ခွဲခြားဆက်ဆံမှု မရှိစေရေး အရေးကြီးကြောင်း အလေးပေးထားသည့်အလျောက်၊ TBC အဖွဲ့သည် အမျိုးသမီးများ၊ ကလေးများ၊ သက်ကြီး ရွယ်အိုများ၊ တိုင်းရင်းသား သို့မဟုတ် ဘာသာရေးလူနည်းစုများ ဖျားနာသူ၊ မသန်စွမ်းသူ အစရှိသော ဖယ်ကျဉ်ခံစား ရနိုင်ခြေ ရှိသူများအပေါ် အလေးထားဆောင်ရွက်သွားမည်။
- ***ရပ်ရွာသို့ ခွန်အားအာဏာ ရှိစေမှုနှင့် မိတ်ဖက်ပြုမှု*** TBC အဖွဲ့က မိတ်ဖက် ရပ်ရွာလူထုများ နှင့် မိမိတို့ လုပ် ကိုင်ဆောင်ရွက်ပေးနေသော လူထုများ၏ ဂုဏ်သိက္ခာ နှင့် လေးစားမှုကို ထိန်းသိမ်း မြှင့်တင်သွားမည်။ ဤသို့ ဆောင်ရွက်ရာတွင် သူတို့၏ အိုင်ဒီယာများနှင့် အကြံပြုချက်များကို နားထောင်ခြင်း၊ လုပ်ဆောင် ခြင်း၊ ရပ်ရွာခေါင်း ဆောင်များနှင့် နီးကပ်စွာလုပ်ဆောင်၍ ပံ့ပိုးပေးခြင်း၊ ရပ်ရွာ၏ ပိုင်ဆိုင်မှုအဖြစ်ခံယူစေအောင် မြှင့်တင်ပေးသွားမည်။
- ***တာဝန်ယူ တာဝန်ခံမှု*** TBC အဖွဲ့နှင့် အကောင်အထည်ဖော်ကြသည့် မိတ်ဖက်အဖွဲ့အစည်းများသည် တာဝန်ယူ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ရပ်ရွာအသိုက်အဝန်းအပေါ် တုံ့ပြန်မှုတို့ကို ကိုင်စွဲမည်။ အလား တူ နိုင်ငံအစိုးရများ၊ ဒေသခံအာဏာပိုင်များ၊ အလှူရှင်များ၊ မဟာမိတ်အဖွဲ့ဝင်များအပေါ်လည်း ဖြေကြား သွားမည်။
- ***သဘာဝပတ်ဝန်းကျင်အပေါ် အလေးထားမှု*** TBC အဖွဲ့က တန်းတူညီမျှသည့်၊ ရေရှည်တည်တံ့သည့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှုကို မြှင့်တင်သွားမည်။ ဥတုရာသီ ပြောင်းလဲမှုအပေါ် ကြံ့ကြံ့ခံနိုင်စေရန် ကြိုးပမ်းသွားမည်။ TBC အဖွဲ့၏ လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးထိခိုက်သက် ရောက်ရမှုများ တတ်နိုင်သလောက် လျှော့နည်းစေရန် စိတ်ပိုင်းဖြတ်ထားပါသည်။
- ***အန္တရာယ် ဥပဒ်ဘေး မဖြစ်စေရေး (Do no harm)*** အကူအညီများ ထောက်ပံ့ရာ၊ ကာကွယ်မှုပေးရာ နှင့် မြန် မာနိုင်ငံအရှေ့တောင်ပိုင်းဒေသရှိ ရွှေ့ပြောင်းထွက်ပြေးရသူများနှင့် စစ်ဘေးဒဏ်သင့်သူများ အတွက် အဖြေများ ရှာဖွေရာ၌၊ TBC အဖွဲ့သည် ပဋိပက္ခကို လောင်စာဆီထိုးပေးသည့် အန္တရာယ် နည်း စေရန် သို့မဟုတ် မိမိတို့ကူညီပေးလို သောသူများ ဘေးဥပဒ်မဖြစ်စေရန် သင့်လျော်သော လုပ်ငန်းဆောင် ရွက်မှုများ ပြုသွားမည်။



# မဟာဗျူဟာမြောက် လမ်းညွှန်ချက်များနှင့် ရည်ရွယ်ချက်များ

**၁။** ရွှေ့ပြောင်းထွက်ပြေးနေရသော ရပ်ရွာ အသိုက်အဝန်းများ၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ပြည့်မီစေရေး ဖြည့်ဆည်းပေးရန်၊ ဤသို့ဆောင်ရွက်ရာတွင် အမျိုးသမီးများ၊ ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ဖျားနာ နေမကောင်းသူများ သို့မဟုတ် မသန်စွမ်းသူများကို အလေးပေးသွားမည်။




TBC အဖွဲ့သည် ယင်း၏အဓိကတာဝန်ဖြစ်သော ရွှေ့ပြောင်းထွက်ပြေးလာကြရသူများထံသို့ လူသားချင်း စာနာမှုဆိုင်ရာ အထောက်အပံ့များ တန်းတူညီမျှ ပေးခြင်းကို ဖြည့်ဆည်းဆောင်ရွက်မည်။ ယင်းသို့ပံ့ပိုးပေးရာတွင် စားနပ်ရိက္ခာ၊ မီးထိုးလောင်စာဆီနှင့် အမိုးအကာများ ပံ့ပိုးပေးမည်။

၁.၁ သက်သေ အထောက်အထားအခြေပြု တီထွင်ဆန်းသစ်မှုများဖြင့် လုံလောက်သော အာဟာရ၊ မီးထိုးလောင်စာဆီ၊ အမိုးအကာ တန်းတူညီမျှ ရရှိမှုကို ထိုင်းနိုင်ငံစခန်းတွင်းရှိ ဒုက္ခသည်များ အတွက် တိုးတက်မြှင့်တင်ပေးမည်။

၁.၂ စခန်းများ၏ ဈေးကွက်အခြေပြု စားနပ်ရိက္ခာကဒ်စနစ်ကို စောင့်ကြည့်လေ့လာ၍၊ စည်းကမ်းထိန်းသိမ်း ပြီး လူထုများအနေဖြင့် အမျိုးအစားထွေပြားသော၊ အာဟာရရှိသော၊ အရည်အသွေးကောင်းသော စားနပ်ရိက္ခာများကို ဈေးနှုန်းသင့်စွာ ရရှိစေမည်။

၁.၃ စခန်းများအတွင်း အိမ်ဆောက်ပစ္စည်းများကို ထိရောက်စွာ စီမံခန့်ခွဲမည်။ မလိုအပ်တော့ပါက အိမ်များ ကို ဖျက်သိမ်းမည်။

၁.၄ မြန်မာနိုင်ငံ အရှေ့တောင်ဒေသ အိမ်ပြန်ရန်ဖြစ်နိုင်ခြေရှိသော ဒေသများမှ အရပ်ဘက်လူမှုအဖွဲ့ အစည်းများကို စွမ်းရည်နှင့် အရင်းအမြစ်များ ရှိစေပြီး၊ အလိုအလျောက် အိမ်ပြန်လာကြသော ဒုက္ခ သည်အုပ်စုများ၏ ကနဦး ပြန်လည်ပေါင်းစည်းရေးအတွက် ပံ့ပိုးပေးမည်။

၁.၅ ပစ်မှတ်ထားသည့် အန္တရာယ် ဥပဒ်ဘေး လျော့နည်းစေရေး ကြိုးပမ်းဆောင်ရွက်မှု (DRR) များမှ တဆင့်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက လူလုပ် သို့မဟုတ် သဘာဝကပ်ဘေးများအတွက်ပြင်ဆင် အဆင်သင့်ဖြစ်စေမှု ရှိစေမည်။

၁.၆ မြန်မာနိုင်ငံ အရှေ့တောင်ဒေသရှိ ရွှေ့ပြောင်းထွက်ပြေးရသူများနှင့် စစ်ဘေးဒဏ်သင့်သူများ၏ လူမှုအသိုက်အဝန်းများ၊ ထိုင်းနိုင်ငံရှိ စခန်းများသည် လူလုပ် သို့မဟုတ် သဘာဝကပ်ဘေးများ ကြုံတွေ့လျှင် အရေးပေါ် အကူအညီ ရရှိစေနိုင်မည်။

## ၂။ အာဟာရ တိုးတက်ရရှိရေး နှင့် ထုတ်လုပ်နိုင်စွမ်းရှိသော သက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြင့် စားနပ် ရိက္ခာ လုံခြုံမှုကို အားဖြည့်သွားရန်။

ရွှေ့ပြောင်းထွက်ပြေးရသူများနှင့် စစ်ဘေးဒဏ်သင့်သူ ရပ်ရွာအသိုက်အဝန်းများသည် တိုးတက်ကောင်းမွန် လာသည့် အာဟာရ ရရှိမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သန့်ရှင်းရေး၊ စိုက်ပျိုးရေးနှင့် အငယ်စားစီးပွားရေး လုပ်ငန်းကျင့်သုံးမှုများကြောင့် အကျိုးခံစားကြရမည်။

၂.၁ ကျန်းမာသော မိခင်၊ မွေးကင်းစကလေးငယ်နှင့် ကလေးများ အစာကျွေးမွေးမှု (IYCF) ကျင့်သုံးမှုများ၊ ယင်းအလေ့အထကို ထွက်ပြေးလာရသည့်၊ စစ်ဘေးဒဏ်သင့် ရပ်ရွာလူမှုအသိုက်အဝန်းတွင် ရေရှည်တည်တံ့အောင် ကျင့်သုံးမှုကို ဘ၀၏ ပထမဆုံး ရက် ၁,၀၀၀ တွင် အလေးပေးဆောင်ရွက်နိုင်ကြမည်။

၂.၂ ရွှေ့ပြောင်းထွက်ပြေးရသည့်၊ စစ်ဘေးဒဏ်သင့်ခံရသည့် ရပ်ရွာအသိုက်အဝန်းများတွင် အာဟာရ ရရှိ မှု အဆင့်အတန်းကို စောင့်ကြည့်လေ့လာမှုနှင့် ပြန်လည်သုံးသပ်မှု ဆောင်ရွက်ပြီး၊ အသက် ၅ နှစ် အောက် ကလေးများကို အလေးထားဆောင်ရွက်မည်။

၂.၃ ရာသီဥတုအပေါ် ကျွမ်းကျင်ဆီလျော်သော၊ အာဟာရ ရရှိမှုကို ကျွမ်းကျင်တတ်သိသော စိုက်ပျိုးရေး အလေ့အထ ကျင့်သုံးမှုများကြောင့် ထုတ်လုပ်နိုင်စွမ်း၊ ဝင်ငွေနှင့် စားနပ်ရိက္ခာလုံခြုံမှု ပို၍တိုးတက်စေ မည်။

၂.၄ စွန့်ဦးလုပ်ငန်းရှင်များကို ထောက်ပံ့ပေး၍၊ အမျိုးသမီးများ စီးပွားရေးခွန်အားမြင့်လာအောင် အားပေးကြောင့် သူတို့ဈေးကွက်နှင့် ပို၍ ထိတွေ့နိုင်မည်။

၂.၅ ခိုင်လုံသော မြေပိုင်ဆိုင်မှု၊ လယ်ယာသုံးပစ္စည်းများ၊ ရေပေးစနစ်များကို ရရှိစေ၍ မြန်မာနိုင်ငံ အရှေ့တောင်ဒေသတွင် စိုက်ပျိုးရေးထုတ်လုပ်နိုင်စွမ်း အားကောင်းစေမည်။

၂.၆ မြန်မာနိုင်ငံ အရှေ့တောင်ဒေသတွင် အိမ်ထောင်စုများ အန္တရာယ်ကင်းသော သောက်သုံးရေ ရရှိရေး နှင့် သဘာဝပတ်ဝန်းကျင် သန့်ရှင်းမှု ရရှိရေးကို မြှင့်တင်ဆောင်ရွက်သွားမည်။

၂.၇ မြန်မာနိုင်ငံ အရှေ့တောင်ဒေသတွင် တန်းတူ၍ ရေရှည်တည်တံ့သော အရင်းအမြစ်စီမံခန့်ခွဲမှု ကျင့်သုံး မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်။







## ၃။ ရွှေ့ပြောင်းထွက်ပြေးရသူများနှင့် စစ် ပဋိပက္ခဘေးသင့်ရသော ရပ်ရွာ လူမှုအသိုက်အဝန်းများ၏ လုံခြုံ ၍ ဂုဏ်သိက္ခာရှိသော အနာဂတ်များ ဖြစ်စေရန် ကာကွယ်ပေးမှုရှိသော ဝန်းကျင်များကို မြှင့်တင်ဆောင်ရွက် ပေးရန်။



ခိုလှုံခွင့် အပါအဝင် လူ့အခွင့်အရေးများ နှင့် မြန်မာနိုင်ငံသို့ အတင်းအကျပ်ပြန်မပို့ရေး ကိစ္စများကို မြှင့်တင်ဆောင်ရွက်သွားမည်။ ဒုက္ခသည်များ မိမိဆန္ဒအလျှောက် အိမ်ပြန်ရေးကိစ္စကို အခြားရွေးချယ်စရာ အဖြေရှာခြင်းနှင့်အတူ မြှင့်တင်ဆောင်ရွက်သွားမည်။

၃.၁ ရပ်ရွာခေါင်းဆောင်များ နှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ အနေဖြင့်၊ ကာကွယ်ပေးမှုရှိသည့် လိင်ကွဲပြားမှုအပေါ် အကဲဆတ် သိမြင်သည့် ဝန်းကျင်များ ဖြစ်ပေါ်လာစေရန်၊ လူမှုရေးအရ အားလုံးပါ ဝင်မှုရှိသော၊ တန်းတူညီမျှမှု နှင့် တာဝန်ယူတာဝန်ခံမှုရှိသော ခေါင်းဆောင်မှုဆိုင်ရာ မှုများကျင့်သုံးခြင်းအားဖြင့် အားပေးမြှင့်တင်မည်။

၃.၂ စစ်ဘေး ပဋိပက္ခ၊ သို့မဟုတ် ဖိနှိပ်ညှဉ်းပန်းမှုများမှ ထွက်ပြေးလာ၍ စခန်းသို့ရောက်ရှိခိုလှုံလာသော လူသစ်များကို လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများနှင့် ကာကွယ်ပေးမှု ပေးမည်။

၃.၃ အကြမ်းဖက်မှု၊ ချိုးနှိပ်ဖိနှိပ်မှုများကို မှတ်တမ်းတင်၍၊ လူ့အခွင့်အရေးများကို မြှင့်တင်ပေးရန် စည်းရုံး တိုက်တွန်းခြင်းအားဖြင့် ရပ်ရွာအခြေပြုသည့် ကာကွယ်မှုပေးရေးကို မြှင့်တင်ဆောင်ရွက်သွားမည်။

၃.၄ ထွက်ပြေးရွှေ့ပြောင်းလာသော လူထုများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ ထိတွေ့၍ ဒုက္ခသည်များ စခန်းပြင်ပရှိဘဝများအတွက် အစီအစဉ်ရေးဆွဲခြင်း နှင့် ကြိုတင်ပြင်ဆင်ခြင်းပြုမည်။ ဒုက္ခသည် များအနေဖြင့် သူတို့၏ အနာဂတ်အတွက် သတင်းများကို ကျေလည်သိရှိ၍ ဆုံးဖြတ်ချက်များ ချမှတ် နိုင်စေမည်။

၃.၅ အလိုအလျောက် အိမ်ပြန်ကြသူများ၏ လိုအပ်ချက်များ နှင့် လူ့အခွင့် အရေးကိစ္စများ ဖြေရှင်းနိုင်ရန် နှင့် စောင့်ကြည့်လေ့လာမှုပြုနိုင်ရန် အခြေခံမူ ဘောင်တစ်ခုအနေဖြင့်၊ အသုံးပြုနိုင်ရန် သဘောတူညီထားသော ဒုက္ခသည် များအိမ်ပြန်ရေး လုပ်ထုံးလုပ်နည်းများကို ချဲ့ထွင်ပံ့ပိုးမည်။

၃.၆ ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းထွက်ပြေးရသူ လူထုများ နှင့် မြန်မာနိုင်ငံ အရှေ့တောင်ဒေသရှိ အိမ်ပြန်ရန်ဖြစ် နိုင်ခြေရှိသော ဒေသများရှိ ဒေသအာဏာ ပိုင်များ၊ ရပ်ရွာလူထုများအကြားတွင် ဆက်ဆံရေး နှင့် ကွန်ရက်များ ပို၍အား ကောင်းစေရန် ဆောင်ရွက်မည်။

၃.၇ ကာလကြာရှည် ပြောင်းရွှေ့ထွက်ပြေးနေရမှုအပေါ် သက်သေ အထောက်အထားအခြေပြု တိုက်တွန်း စည်းရုံးမှုများ၊ ရေရှည် ထိခိုက်နစ်နာခံ စားရသည့် အချက်များကြောင့်၊ ဘက်စုံထောင့်စုံ စိန်ခေါ်မှုများ ကြုံတွေ့နေကြရ သည့် ရွှေ့ပြောင်းထွက်ပြေးရသူများ၊ စစ်ဘေးဒဏ်သင့် ရပ်ရွာလူမှုအသိုက်အဝန်း များအနေဖြင့် ဒေသခံများ၏ ဘက်စုံကဏ္ဍစုံ တုံ့ပြန်ပေးမှုများ လိုအပ်ကြောင်း သိစေမည်။

၃.၈ မြန်မာနိုင်ငံ အရှေ့တောင်ဒေသတွင် လူမှုရေးအရ ကာကွယ်ပေးမှု အားဖြည့်မည်။ ယင်းသို့ ဆောင် ရွက်ရာ၌ ရပ်ရွာပိုင် စပါးဘဏ်များ၊ စောစီးကာလ ကလေးများဖွံ့ဖြိုးရေး အစီအစဉ်များ၊ လိင်မှု နှင့် ကျား-မကွဲပြားမှုအပေါ် ဖြစ်သည့် အကြမ်းဖက်ခံရခြင်းမှ ရှင်သန်ကျစ်ရစ်သူများကို ကူညီပံ့ပိုးမှုပေး ခြင်းများဖြင့် ဆောင်ရွက်မည်။

## ၄။ တာဝန်ယူ တာဝန်ခံမှု၊ မိတ်ဖက်ပြု ဆောင်ရွက်မှု နှင့် ဒေသခံများ၏ ပိုင်ဆိုင်မှုကို အားဖြည့်ဆောင် ရွက်သွားရန်။ သို့မှသာ တာဝန်သိသော အသွင်ကူးပြောင်းကာလများ ဖြစ်လာစေမည်။

TBC အဖွဲ့က တာဝန်သိစွာနှင့် ပွင့်လင်းမြင်သာစွာ အပြောင်းအလဲများကို ဒေသခံမိတ်ဖက်များ၊ အလှူရှင်များ၊ အခြား အရေးပါသောအင်အားစုများနှင့် အတူတကွ စီမံသွားမည်။

၄.၁ TBC အဖွဲ့၏ ဖွဲ့စည်းပုံနှင့် အစီအစဉ်များသည် ပြောင်းလဲသော အခြေအနေ၊ လိုအပ်ချက်များ၊ ရွှေ့ပြောင်းထွက်ပြေးရသူများနှင့် စစ်ဘေး ဒဏ်သင့်သူများ၏ စိုးရိမ်ပူပန်မှုများအပေါ် တာဝန်သိစွာ ချိန်ညှိ ပြောင်းလဲမည်။

၄.၂ အိမ်ရှင်ဖြစ်မည့် ရပ်ရွာအသိုက်အဝန်းများ၊ ရွှေ့ပြောင်းထွက်ပြေးရသူ အသိုက်အဝန်းများ အပါအဝင် မိတ်ဖက်အင်အားစုများနှင့် တိုင်ပင်အကြံရယူခြင်း၊ ဆက်သွယ်ခြင်း၊ သတင်းမျှဝေခြင်းများ ဆောင်ရွက်မည်။ ထိုသူများကို သတင်းသိရှိစေ၍ TBC အဖွဲ့၏ အစီအစဉ်ရေးဆွဲခြင်းများ၊ အသွင်ကူးပြောင်း ကာလအတွက် အစီအစဉ်ရေးဆွဲခြင်းများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်။

၄.၃ ခေါင်းဆောင်မှု အားကောင်းစေခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စွမ်းရည်များကို မြှင့်တင်ပေး၍ ဒေသကို အခြေပြုခြင်း နှင့် ရပ်ရွာ၏ ပိုင်ဆိုင်မှုကို မြှင့်တင်ခြင်းများဆောင်ရွက်မည်။

၄.၄ တုံ့ပြန်မှု ရယူသောလုပ်ငန်းစဉ်များ (Feedback mechanisms) သည် လူထုပါဝင်မှုကို အားပေး၍၊ TBC နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ရပ်ရွာလူထုထံ တာဝန်ယူတာဝန်ခံမှုကို သေချာစေအောင်ဆောင်ရွက်ပေးသည်။

၄.၅ TBC နှင့် မိတ်ဖက်များ၏ အရည်အသွေးအာမခံနိုင်မှုကို စောင့်ကြည့် လေ့လာခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း စနစ်များမှတဆင့် အားကောင်းစေမည်။ ရပ်ရွာလူထုများထံသို့၊ အလှူရှင်များ၊ အခြား အရေးပါသည့် အင်အားစုများထံသို့ တာဝန်ယူ တာဝန်ခံမှု ကို ဖြစ်စေမည်။



# ကြုံတွေ့ရနိုင်သော အန္တရာယ်များကို စီမံခန့်ခွဲခြင်း

TBC အဖွဲ့၏ ကြုံတွေ့ရနိုင်သော အန္တရာယ်များကို စီမံခန့်ခွဲခြင်း မဟာဗျူဟာ၌၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် လုပ်ငန်းဆောင်ရွက်နေရသော TBC နှင့် ယင်း၏မိတ်ဖက် အဖွဲ့အစည်းများသည် ပြောင်းလဲနေသော ဝန်းကျင်၌ လုပ်ကိုင်ဆောင်ရွက်နေရကြောင်း၊ အသိအမှတ်ပြုထားပါသည်။ ၂၀၂၀-၂၂ မဟာဗျူဟာ ကာလသို့ ချဉ်းကပ်လာရာတွင် အနာဂတ်ကို ကြိုတင်ဟောကိန်းထုတ်နိုင်ရန် ခက်ခဲလှပါသည်။ ကြုံတွေ့ရနိုင်သော အန္တရာယ်များတွင် အောက်ပါအချက်များ ပါဝင်ပြီး၊ ဤမျှထက် ပို၍လည်း ဖြစ်နိုင်ပါသည်။ ယင်းတို့မှာ အလှူရှင်များ ထိတွေ့ဆက်ဆံမှု လျော့လာပြီး၊ TBC သို့ ရန်ပုံငွေထောက်ပံ့မှု လျော့နည်းလာခြင်း၊ မြန်မာနှင့် ထိုင်းအစိုးရတို့၏ နိုင်ငံရေးရပ်တည်ချက် ပြောင်းလဲသွားခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရပ်တန့်နေ ခြင်း နှင့် မြန်မာနိုင်ငံ အရှေ့တောင်ဒေသတွင် စစ်အင်အားချဲ့ထွင်လာခြင်း၊ ဝန်ဆောင်မှု နှင့် ထောက်ပံ့မှုများလျော့ကျလာခြင်းနှင့်အတူ စခန်းများအတွင်း ဖိအားများ များလာခြင်း တို့ ဖြစ်သည်။ TBC အဖွဲ့က ဤသို့ အန္တရာယ်များ ဖြစ်လာပါက၊ တုံ့ပြန်ရန် မဟာဗျူဟာများ၊ အရေးပေါ်အစီအစဉ်များ ထားရှိပြီး ဖြစ်သည်။ TBC အဖွဲ့နှင့် ယင်း၏မိတ်ဖက်များက ပြောင်းလဲလာသော အခြေအနေနှင့်အညီ ချိန်ညှိပြောင်းလဲမည် ဖြစ်သည်။ အလှူရှင်များနှင့် အခြားအရေးပါသည့်အင်အားစုများ၏ မျှော်လင့်ထားချက်များ၊ လိုအပ်ချက်များနှင့်ပတ်သက် ၍ ညှိနှိုင်းဆွေးနွေးရမှုများ ရှိနိုင်ပါသည်။

TBC အဖွဲ့သည် စခန်းများအတွင်းနှင့် မြန်မာနိုင်ငံ အရှေ့တောင်ဒေသတွင် လိုအပ်ပါက လုပ်ငန်းအကောင် အထည်ဖော်မှုများကို ချိန်ညှိပြောင်းလဲနိုင်ရန် အန္တရာယ် စွန့်စားရမှုများကို စောင့်ကြည့်လေ့လာနေမည်။ TBC အဖွဲ့ဝင်များနှင့် ခေါင်းဆောင်မှုသည်၊ ဒုက္ခသည်များ၊ ရွှေ့ပြောင်းထွက်ပြေးကြရသူများနှင့်အတူတကွ အစိုးရ များ၊ အလှူရှင်များ၊ အခြားသော အရေးပါသည့်အင်အားစုများကို စခန်းများအတွင်း ဝန်ဆောင်ပေးမှုများ လက် ခံနိုင်သည့်အတိုင်းအတာအတွင်း ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် ဆက်လက်စည်းရုံး တိုက်တွန်းသွားမည် ဖြစ်သည်။ အိမ်ပြန်ရေးဆိုင်ရာ စွန့်စားရမှုများသည် မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာသော ကြောင့်၊ ၂၀၂၀-၂၂ မဟာဗျူဟာကာလတွင် TBC အဖွဲ့သည် ဒုက္ခသည်များ လုံခြုံစွာ နှင့် ဂုဏ်သိက္ခာရှိစွာ စခန်းပြင်ပတွင် နေထိုင်အခြေချရေး အခြားသောနည်းလမ်းများကို ပို၍အားဖြည့် ရှာဖွေဆောင်ရွက်သွားမည်ဖြစ်သည်။

# ရန်ပုံငွေ ရှာဖွေရေး မဟာဗျူဟာ

TBC အဖွဲ့အနေဖြင့် ထိုင်းနိုင်ငံတွင် ကာလကြာရှည် ဒုက္ခသည်များ လက်ခံထားရသည့်အပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်နေရမှုအပေါ် နိုင်ငံတကာမိတ်ဖက်အင်အားစုများ နှင့် အလှူရှင်များအနေဖြင့်၊ ထိုင်းအစိုးရနှင့်အတူ ပူးတွဲ မျှဝေ တာဝန်ယူကြရန် တိုက်တွန်းစည်းရုံး ပြောဆိုပါသည်။ ထိုင်းနိုင်ငံတွင် TBC အဖွဲ့အစည်းအနေဖြင့်၊ စခန်း များအတွင်း ကျန်ရှိနေသောဒုက္ခသည်များအတွက် လိုအပ်သမျှကာလပတ်လုံး မရှိမဖြစ်လိုအပ်သည့် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှုများအတွက် အလှူရှင် ထောက်ပံ့မှုများ ရရှိလိမ့်မည်ဟု မျှော်လင့်ထားချက်ရှိနေကြပါသည်။ မြန်မာနိုင်ငံတွင်၊ TBC အဖွဲ့က သတ်မှတ်ထားသည့် ရန်ပုံငွေအတွက်သာ အစီအစဉ်များကိုဆောင်ရွက်မည် ဖြစ်သည်။ TBC အဖွဲ့၏ ဘတ်ဂျက်နှင့် အသုံးစရိတ်များနှင့် ပတ်သက်၍ ပြင်ပမှအကြောင်းအချက် ၃-ခု သက်ရောက်မှု ရှိနေပါသည်။ ယင်းတို့မှာ လူသုံးကုန်ပစ္စည်းများ၏ ဈေးနှုန်းများ၊ စခန်းတွင်းမှ ထွက်ခွာသွားသူများ၏ နှုန်း နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ဖြစ်ပါသည်။ ဒေသဆိုင်ရာ အခြေခံခြင်း နှင့် ရပ်ရွာ လူထုက ဦးဆောင်သော အစီအစဉ်များဖြင့်၊ TBC အဖွဲ့က အဖွဲ့အစည်းဆိုင်ရာ ကုန်ကျစရိတ်နည်းစေရန် ကြိုးပမ်းနေပြီး၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများကလည်း အဓိကကျသည့် ပင်မရန်ပုံငွေ ရရှိရန်လိုအပ်ကြောင်း အသိအမှတ်ပြုထားပါသည်။ TBC အဖွဲ့က ဝန်ထမ်းများအားလုံး အလုပ်ရပ်ဆိုင်းရမည်ဆိုပါလျှင် ပေးဆောင် ရန်ကုန်ကျစရိတ် နှင့် အဖွဲ့အစည်း၏ လုပ်ငန်းများအားလုံး ပိတ်သိမ်းရန် စရိတ်များ၊ အကယ်၍ လိုအပ်လာ မည်ဆိုပါက ဖယ်ချန်ထားပါသည်။

The Border Consortium

**TBC Thailand:** 12/5 Convent Road, Silom, Bangrak, Bangkok 10500

**TBC Myanmar:** Room307, Myay Nu Condo Building no.99-B, Myay Nu Street, San Chaung Township, Yangon

www.theborderconsortium.org

https://www.facebook.com/BorderConsortium

:+662 238 5027-8 : +95 1 2305996, +95 9 250156110